**Karenni Nationalities Defence Force**
**ကရင်နီအမျိုးသားများကာကွယ်ရေးတပ်**

# တိုက်ပွဲသတင်းထုတ်ပြန်ကြေညာချက်

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၁၀) ရက်နေ့။

လွိုင်ကော်မြို့၊ မိုင်းလုံးရပ်ကွက်အတွင်း ယနေ့ နေ့လည့်ပိုင်းတွင် နှစ်ဖက်ထိတွေ့တိုက်ပွဲ ဖြစ်ပွားခဲ့ပါသည်။ တိုက်ပွဲမှာ မိနှစ်အနည်းငယ်သာ ကြာမြင့်ပြီး အကြမ်းဖက်စစ်ကောင်စီတပ်ဘက်မှ ထိခိုက်ကျဆုံးမှု အခြေအနေကို အသေးစိတ်မသိရပေ။

ဒီးမော့ဆိုမြို့နယ် ဒေါဆိုရှေ့ကျေးရွာအတွင်း KNDF မှ နယ်မြေရှင်းလင်းခဲ့ရာ၊ လက်နက်ကြီး လက်နက်ငယ် ကျည်များကို သိမ်းဆည်းရမိခဲ့သည့်အပြင် အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့ဝင် တစ်ဦး၏ အလောင်းကို တွေ့ရှိပြီး လူသားချင်းစာနာထောက်ထားမှုဖြင့် မီးရှို့သင်္ဂြိုလ်ပေးခဲ့ပါသည်။

တိုက်ပွဲများဖြစ်ပွားရာ လွိုင်ကော်မြို့ထဲရှိ ရပ်ကွက်များထဲတွင်၊ တိုက်ပွဲဖြစ်ပွားနေမှုကို အခွင့်ကောင်းယူ၍ မသာမာသူများများသည် ပြည်သူများ၏ နေအိမ်များကို ဖောက်ထွင်းပြီး အဖိုးတန် ပစ္စည်းများကို ခိုးယူလျက်ရှိပါသည်။ ပြည်သူ၏ အိုးအိမ်စည်းစိမ်များကို ဖောက်ထွင်းခိုးယူလျက်ရှိသော မသာမာသူများကို KNDF မှ ထိထိရောက်ရောက်အရေးယူမည်ဖြစ်သည်။ တိုက်ပွဲဖြစ်ပွားရာ လွိုင်ကော်မြို့၊ရပ်ကွက်အနီးတွင် နေထိုင်ကြသော ပြည်သူများအနေဖြင့်လည်းအပြင်မထွက်ဘဲ လုံခြုံသောနေရာများ တွင်သာနေကြပါရန် အသိပေးအပ်ပါသည်။

ဒီးမော့ဆိုနှင့်လွိုင်ကော်မြို့တို့တွင် အကြမ်းဖက်စစ်ကောင်စီတပ်ဘက်မှ အထိနာနေသဖြင့် လေကြောင်းတိုက်ခိုက်မှုများကို ပိုမိုပြင်းထန်စွာ ပြုလုပ်နိုင်သည့်အတွက် ပြည်သူလူထုများမှ လုံခြုံသော အစီအမံများ ကြိုတင်လုပ်ဆောင်ကြပါရန်နှင့် လုံခြုံသောနေရာများတွင်သာနေကြပါရန် တိုက်တွန်း အပ်ပါသည်။

KNDF သတင်းနှင့်ပြန်ကြားရေးဌာန

ဆက်သွယ်ရန်။ ၀၉ ၄၂၅ ၅၁၇ ၅၉၄၊ ၀၉ ၇၆၅ ၇၃၃ ၁၆၈၊ ၀၉ ၈၉၉ ၁၁၉ ၂၁၀၊ ၀၉ ၇၇၄ ၈၁၀ ၆၈၄။